ပုတ်သင်ကြီးကျေးရွာ
ရေမွေးကျေးရွာအုပ်စု၊ နတ်တလင်းမြို့နယ်
ပဲခူးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ပုတ်သင်ကြီးကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နတ်တလင်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန် လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ပုတ်သင်ကြီးကျေးရွာသည် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရေမွေးကျေးရွာအုပ်စု တွင်တည်ရှိပြီး ဧရာဝတီမြစ်ကမ်းနှင့် (၄)မိုင်ခန့်အကွာတွင်တည်ရှိသည်။ နတ်တလင်းမြို့၏ အနောက်ဘက်တွင် တည်ရှိပြီး ကျေးရွာ၏ အရှေ့ဘက်တွင် တောင်ညိုချောင်းမှာ ပတ်လျှက်စီးဆင်းနေသည်။အရှေ့ဘက်တွင် ရွာပိုင်လယ်ကွင်းများ၊ တောင်ရွာတောရွာ၊ အနောက်ဘက် တွင် မိုးညိုမြို့နယ်ပိုင် ဖလံချောင်းရွာ၊မြောက်ဘက်တွင် ရွှေလေးချောင်း၊တောင်ဘက်တွင် မိုးညိုမြို့ နယ်ပိုင် သမီးလှကျေးရွာတို့နှင့် ဆက်စပ်လျှက်ရှိသည်။ ကျေးရွာသည်နတ်တလင်းနှင့် မိုးညိုမြို့နယ် အစပ်တွင် တည်ရှိပြီး မြစ်၊ချောင်းပေါများသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

လိမ်ကွင်းကျေးရွာသည်နွေရာသီအချိန်ကာလတွင် (၂၄•C) မှ(၅၄• C)ထိ အပူချိန်မြင့်မားပြီး မိုးရာသီတွင် စုစုပေါင်းမိုးရေချိန်(၅၀)လက်မမှ (၆၀)လက်မထိ ရွာသွန်းပါသည်။ ကျေးရွာသည် မြေပြန့်ဖြစ်ပြီး သဘာဝအရင်းအမြစ်အနေဖြင့် တောင်ညိုချောင်းရေ ရရှိပြီး ချောင်းရေကိုအသုံးပြု၍ စိုက်ပျိုးနိုင်ကြသည်။ ယင်းချောင်းမှ ငါး၊ပုဇွန်များ ရနိုင်ပါသည်။ မိုးရာသီတွင် ဧရာဝတီမြစ်ရေ လျှံလေ့ရှိပြီး လယ်ကွင်းများတွင်းရေဝင်သဖြင့် မျိုးစပါးများဆုံးရှုံးလေ့ရှိပြီး ယင်းနှုန်းတင်မြေ များကြောင့်ပင် သီးနှံအထွက်နှုန်းမှာ ကောင်းမွန်ပါသည်။ သဘာဝအင်းများရှိ၍ ငါးကြင်းအများ ဆုံးရရှိပြီး ပြည်မြို့၊ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနိုင်ကြသည်။ သဘာဝပေါက်ပင်များအနေဖြင့် မရှိသလောက်ပင် ရှားပါးပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပုတ်သင်ကြီးကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်ကျေးရွာလူထုဖြင့်ဖွဲ့ စည်းထားသော အဖွဲ့(၅)ဖွဲ့ရှိသည်။ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာ၏လူမှုဖွံ့ဖြိုးရေးအတွက် စီမံခန့်ခွဲမှုပိုင်း တွင်အဓိက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှာ စာသင်ကျောင်း လိုအပ်ချက် များအားဖြည့်ဆည်းပေးရန်နှင့် ပညာအရည်အသွေးမြင့်မားလာစေရန် မိဘ၊ဆရာအကြား ချိတ် ဆက်မှုများ ပြုလုပ်ပေးသည်။ဂေါပကအဖွဲ့မှာစေတီ၊ဘုန်းတော်ကြီးကျောင်းဖွံ့ဖြိုးတိုးတက်ရန်၊ တရားပွဲ များကျင်းပနိုင်ရန်အဓိကဆောင်ရွက်ကြသည်။ လမ်းကော်မတီမှာ ကျေးရွာလမ်းပမ်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ဌာန/အဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်း၊ ရံပုံငွေရှာ ဖွေခြင်းများအား အဓိက လုပ်ဆောင်ပေးသည်။ပရဟိတအဖွဲ့အစည်းအား လူငယ်အများစုဖြင့် ဖွဲ့စည်း ထားပြီးနာရေးဖြစ်ပါက အိမ်ထောင်စု၏ ဓနဥစ္စာအ ခြေအနေကိုလိုက်၍ ငွေကြေး ထောက်ပံ့ ခြင်း၊ ရံပုံငွေရှာဖွေခြင်း၊ ဘာသာရေးပွဲတော်များ ကျင်းပရန် အလှူခံထွက်ခြင်းတို့ကို ဆောင်ရွက် ကြသည်။

ကျေးရွာတွင်းရှိအဖွဲ့များအားလုံး၏ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်မှုမှာလည်းကောင်းမွန်ကြပါသည်။အဖွဲ့အစည်းများသည်ကိုယ်ထူကိုယ်ထကျေးရွာ၏ လိုအပ်ချက်အရဖွဲ့စည်းထားသောအဖွဲ့များဖြစ်သဖြင့်စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မှုအားနည်းနေပါသည်(စာရင်းကိုင်၊စီမံခန့်ခွဲမှု၊မှတ်တမ်းရေးမှတ်မှု၊ခေါင်းဆောင်နိုင်မှုစသည်)တို့အတွက်အသိပညာများပံ့ပိုးပေးပါကရေရှည်တည်တံ့သောအဖွဲ့အစည်း များဖြစ်လာနိုင်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာတွင်ရှိသောအိမ်ထောင်စုအရေအတွက်စုစုပေါင်း မှာ(၁၅၄)စု ရှိပြီး မြေယာမဲ့(၈၄) စု ၊၂.၅ဧကအောက် ပိုင်ဆိုင်သူ (၁၆) စု၊ ၂.၅ဧကမှ ၅ဧကကြားပိုင်ဆိုင်သူ (၁၉)စု၊ ၅ဧကမှ၁၂.၅ဧကကြား(၁၈)စုနှင့် ၁၂.၅ဧက အထက်(၁၇)စုရှိ ကြောင်းတွေ့ရှိရပါသည်။လယ်ဧက ပိုင်ဆိုင်သူမှာ ကျေးရွာအိမ်ထောင်စု၏ (၄၅.၄၆)% ရှိသဖြင့် မြေယာမဲအိမ်ထောင်စုနှင့် အချိုးတူနီးပါးရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျပန်းလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသည်။ မတ်ပဲနှင့်စပါးကိုသာ အဓိကထားစိုက်ပျိုးပြီး ကုလားပဲကို စမ်းသပ်စိုက်ပျိုးမှုရှိပါသည်။မတ်ပဲ(၁)ဧက အထွက်နှုန်းမှာ(၁၀)တင်းမှ (၁၅)တင်းအထိ ရရှိနိုင်ပြီးသွင်းအားစုမှာ မြင့်၍အမြတ်ရရှိနိုင်မှုနည်းပါးပါသည်။ သီးနှံစိုက်ပျိုးသည့် ကာလမှာ(၁၁)လပိုင်းမှ (၃)လပိုင်းအထိဖြစ်ပါသည်။စပါး(၁)ဧက အထွက်နှုန်းမှာ (၆၀)တင်းမှ(၈၀)တင်းအထိ ရရှိနိုင်ပြီး သွင်းအားစုမှာကုန်ကျစရိတ်များ၍ အမြတ်ရရှိနိုင်မှုမှာအသင့်အတင့် သာရှိကြောင်း တွေ့ရှိရပါသည်။ စိုက်ပျိုးသည့် ကာလမှာ(၆) လပိုင်းမှ (၁၁)လပိုင်းအထိဖြစ် ပါသည်။ ကုလားပဲ ဈေးမှာသင့်တင့် စွာရရှိသဖြင့် တိုးချဲ့စိုက်ပျိုးရန် အစီအစဉ်ရှိပါသည်။ ရာသီပေါ်ဟင်းသီးဟင်းရွက် ပင်များကိုလည်း ချောင်းရေတင်၍ စိုက်ပျိုးကြသည်။

ကျေးရွာတွင် ဝက်၊ကြက်၊နွားမွေးမြူရေးကို တနိုင်တပိုင် သာ မွေးမြူကြပြီး စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိပါ။ အိမ်ခြံဝန်းကျယ်ဝန်းခြင်း၊ သောက်သုံးရေအတွက် လုံလောက်စွာရရှိနိုင်ခြင်းတို့ကြောင့် ဝက်၊ကြက်တို့ကို တိုးချဲ့မွေးမြူနိုင်ရန် အခွင့်အလမ်း ရှိပါသည်။

ကျေးရွာတွင် နေ့စားလုပ်ငန်းအနေဖြင့်လယ်ယာလုပ်ငန်း ၊အင်းလုပ်ငန်းတို့တွင် နေ့စားလုပ်ကိုင်သူများပြားပါသည်။ ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ လည်းရှိပြီး အထည်ချုပ်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ လက်သမား၊ပန်းရံ လုပ်ငန်း ၊ဈေးနှင့် ဈေးဆိုင်များတွင် လုပ်သားလုပ်ကိုင်ခြင်းများ ရှိကြပြီးအများအားဖြင့် အများဆုံးလုပ်အားခမှာ (၇၀၀၀)ကျပ်အထိ ရရှိနိုင်ကြသည်။ ပညာတတ်မြောက်သူများမှာ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ရုံးစားရေးအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ပုတ်သင်ကြီး ကျေးရွာတွင် ရွာတွင်းလမ်းမှာ ကိုယ်ထူကိုယ်ထဖောက် လုပ်ထားသော မြေသားလမ်းအား မြေနီအနည်းငယ်ခင်းထားပြီး သွားလာနေကြသည်။ လမ်းမှာ အသုံးပြုရန် အသင့်အတင့်ကောင်းမွန်မှုရှိပါသည်။ ပုတ်သင်ကြီး-စခန်းသာတဲလမ်း ရွာချင်းဆက် လမ်းသည် အလျား (၃.၅) မိုင်ခန့်ရှည်လျားပြီး ယင်းလမ်းတွင် ချောင်းကူးတံတား တစ်ခုရှိပါသည်။ ချောင်းကူးတံတားမှ စခန်းသာတဲရွာအထိ အား လွတ်တော်ဘက်ဂျက်ဖြင့် (၂၀၁၇) ခုနှစ်တွင် မြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ထားသဖြင့် သွားလာရ လွယ် ကူပါသည်။တံတားမှ ပုတ်သင်ကြီးကျေးရွာထိပ်အထိ လမ်းမှာ မြေသားလမ်းပင်ဖြစ်၍ မိုးတွင်းကာလတွင် ဧရာဝတီမြစ်ရေ ကျော်သဖြင့် ရေတိုက်စားခြင်းကြောင့် လမ်းပျက်စီး၍ မိုးတွင်းကာလတွင် သွားလာရအလွန် ခက်ခဲပါသည်။ အဆိုပါလမ်းပြုပြင်ရန် ကျေးရွာမှ ငွေကြေး သင့်တင့်ပါဝင်နိုင်သော်လည်း အလုံးစုံပြီး မြောက်ရန် ကုန်ကျစရိတ် အားမတတ်နိုင်သဖြင့် ကျေးလက်ဦးစီးဌာနသို့ တင်ပြချိတ်ဆက် ထားပါသည် (အလျား ၅၀၀၀ ပေ * အနှ ၁၈ ပေ* ထု ၆ လက်မ)။

ကျေးရွာထိပ်ရှိသစ်သားရိုးကူးတံတားမှာ (၂၀၀၆)ခုနှစ်က ကိုယ်ထူကိုယ်ထဆောက်လုပ်ထားပြီး အရည်အသွေး ညံ့သဖြင့် ကုန်ထုတ်လုပ်ရန် ယာဉ်များသွား လာနိုင်မှုမရှိပါ။ နှစ်စဉ်ကျေးရွာမှ တစ်အိမ်ထောင်လျှင် (၂၀၀၀-၃၀၀၀) ကျပ်စီစုဆောင်း၍ ပြုပြင်မှုရှိသော်လည်း ထိရောက်စွာပြုပြင်နိုင်ခြင်းမရှိပါ။ ယင်းတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ရန် ကျေးရွာမှ ငွေကြေးအတန်အသင့်ထည့်ဝင်နိုင်သော်လည်း တံတား(၁)စင်းလုံးအတွက် ကုန်ကျစရိတ် အား ဆောင်ရွက်နိုင်ခြင်းမရှိကြပါ။

ကျေးရွာတွင်ရှိသော ရေတွင်း၊အဝီစိတွင်း/တုံကင်၊အဝီစိ /စက်တပ်ရေများကို အရည်အသွေး စမ်းသပ်စစ်ဆေးမှုမရှိသော်လည်း အန္တရာယ်ရှိသည့် အလားအလား/ရောဂါဖြစ်ပွားမှု မရှိကြပါ။ ကျေးရွာတွင် ရေတွင်း(၃)တွင်း၊အဝီစိတွင်း (၉)တွင်း၊ အဝီစိ (စက်တပ်)တွင်း (၈)တွင်းရှိပြီး နွေ၊မိုး၊ဆောင်း သောက်သုံးရေ လုံလောက်မှုရှိပါသည်။ကျေးရွာနှင့် အနီးဆုံးစျေးမှာ ကျေးရွာနှင့် (၇)မိုင်အကွာရှိ တာပွန်မြို့စျေးဖြစ်ပြီး အများအားဖြင့် အိမ်တွင်းစားသုံးကုန်ပစ္စည်းဝယ်ယူရန် သွားရောက်ကြသည်။ စျေးအဆောက်အဦး စနစ်ကျမှုအားနည်းခြင်း၊ဝန်ဆောင်မှု အားနည်းခြင်း တို့ကြောင့် အဆင်ပြေမှုနည်းပါးပါသည်။ ကျေးရွာမှ ဒေသထွက် စပါး၊ပဲ၊ဟင်းသီးဟင်းရွက်များအား ကျေးရွာတွင်းတွင် အများဆုံးရောင်းချကြပြီး အချို့မှာ နတ်တလင်းစျေးသို့ လာရောက်ရောင်းချကြသည်။ နတ်တလင်း စျေးတွင် ပစ္စည်းစုံဝယ်ယူနိုင်ကြသော်လည်း ခရီးဝေးသဖြင့် အလှူ၊ မင်္ဂလာဆောင်၊နာရေးနှင့် လက်လီလက်ကားပြန်လည်ရောင်းချရန် ကိစ္စရပ်များ အတွက်သာသွား ရောက်ဝယ်ယူကြသည်။ယေဘူယျအားဖြင့် စျေးကွက်ကို လက်လှမ်းမီမှုရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပုတ်သင်ကြီးကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ လယ်သမားများအား တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းထုတ်ချေးပေးပါသည်။ ထုတ်ချေးသည့်ကာလမှာ(၆)လဖြစ်ပါသည်။ လယ်သမားများအနေဖြင့် တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်းသည် လုံလောက် မှုအားနည်း ပါသည်။ ထို့အပြင် စိုက်ပျိုးရေးချေးငွေကိုပြန်လည်ပေးဆပ်ရန် အချိန်ကျလာပါက စိတ်ကြိုက် ဈေးနှုန်း မရရှိပဲ ရောင်းချခြင်း၊ အခြားမှငွေတိုးဖြင့်ယူ၍ရောင်းချရခြင်းတို့ စသည့်အခက်အခဲများ ရှိနေပါသည်။ လယ်သမားများအားချေးငွေပြန်လည်ပေးဆပ်ချိန်တိုးမြှင့်ပေးပါက(ဖြစ်နိုင်လျှင်နှစ်ရှည်ချေးငွေထုတ်ချေးပေးမည်ဆိုလျှင်အဆင်ပြေနိုင်ပါသည်။

သမချေးငွေမှာတောင်သူ၊လက်လုပ်လက်စား၊ မွေးမြူရေးလုပ်ကိုင်လိုသူ မည်သူမဆို ထုတ်ချေးနိုင်ပြီး အတိုးနှုန်းမှာ (၁.၅ %) တိုး(လတိုး)ဖြစ်ပြီး ချေးငွေထုတ်ချေးချိန် နောက်ကျခြင်း၊ ပြန်လည် ပေးဆပ်ရာတွင် အချိန်စော၍ ကောက်ခံခြင်း၊ အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်လျှင် စုဆောင်းငွေ ရရှိရန် အချိန်ကြာမြင့် ခြင်း(၁၀ နှစ်)စသည်တို့ကြောင့် ချေးယူသူနည်းပါးလာပါသည်။ တစ်ဦးလျှင် (၁၀၀၀၀၀) ကျပ်နှုန်း ထုတ်ချေးနိုင်ကြသည်။ပုဂ္ဂလိက အသေးစားချေးငွေများလက်လှမ်းမမီကြပါ။

(c) ပညာရေး

ပုတ်သင်ကြီးကျေးရွာတွင် စာမတက်သူဦးရေ မရှိပါ။သို့ရာတွင် အများစုမှာ မူလတန်း၊ အလယ်တန်းဖြင့်ပြီးဆုံးသူများပြားပြီး အလယ်တန်းပင် မပြီးမြောက်ကြပါ။ အကြောင်းမှာ အထက်တန်းတက်ရောက်ရန် နေ့ချင်းပြန်သွားလာနိုင်မှုမရှိခြင်း၊ ဝင်ငွေ နည်းသဖြင့် ဘော်ဒါဆောင်ထားရန် မတတ်နိုင်ခြင်း တို့ကြောင့်ဖြစ်သည်။ယခုအခါ ပညာရေးရံပုံငွေအင်အား တောင့်တင်းစွာ ဆောင်ရွက်ပြီး ကျောင်းဆက်တက်ရန် အခက်အခဲရှိသော ဝင်ငွေနည်းမိသားစုများမှ ကလေးငယ်များအား ကူညီထောက်ပံ့ရန် အစီအစဉ်ရှိပါသည်။

ကျေးရွာမူလတန်းကျောင်းအား အလယ်တန်းကျောင်းအဆင့်သို့ (၂၀၁၆)ခုနှစ်တွင် တိုးမြှင့်ချထားပေးသော်လည်း ဆရာ/မ လုံလောက်စွာ ချထားပေးခြင်းမရှိသဖြင့် ကျေးရွာတွင်းမှာ (၁၀) တန်းအောင်မြင်ပြီးသူ(၃)ဦးမှ စေတနာ့ဝန်ထမ်းအဖြစ် သင်ကြားပြသ ပေးနေကြသည်။ စာသင်ဆောင် (၃) ဆောင်ရှိပြီး ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော သစ်သားဆောင် (၆၀ပေ* ၃၀ ပေ* ၁၂ ပေ) ၊ ပညာရေးဦးစီးဌာနမှ ဆောက်လုပ်ပေးထားသော (၉၀ပေ* ၃၀ ပေ* ၁၂ ပေ) တစ်ဆောင်၊ (၁၂၀ပေ* ၃၀ ပေ* ၁၂ ပေ) တစ်ဆောင် တို့ရှိပြီး ယင်း အလျား (၁၂၀) ပေ အဆောင်မှာ အမိုးများလဲရန်လိုအပ်ခြင်း၊ ကြမ်းခင်းတမံသလင်းများ အက်ကွဲနေ ခြင်းတို့ကြောင့် ပြန်လည်ပြု ပြင်ရန်လိုအပ်ပါသည်။ ကျောင်းအိမ်သာမှာ ပညာရေးဦးစီးဌာနမှ ဆောက်လုပ်ပေး ထားသည် (၂)ခန်းတွဲ (၁)လုံးမှာ ကောင်းမွန်ပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော သစ်သားအိမ်သာ (၃)လုံးမှာ ရေမရောက်ရန် ဆောက်ထားရ ခြင်းကြောင့် မြေပြင်နှင့်မြင့်မား၍ ကလေးငယ်များ တက်ရောက်ရန်မလွယ်ကူခြင်း၊ခိုင်ခံ့မှုအားနည်းသည့် အခက်အခဲများရှိပါသည်။ ကျောင်းအိမ်သာ (၂)ခန်းတွဲ (၂)လုံးလိုအပ်လျက်ရှိပါသည်။မူလတန်း၊အလယ်တန်းကျောင်းထွက်နှုန်းမရှိသော်လည်း

အထက်တန်းသို့ရောက်ရှိပါက တာပွန်(၇မိုင်)၊လေးမျက်နှာ(၇)မိုင်၊နတ်တလင်း(၁၄)မိုင်အကွာသို့ သွား၍ တက်ရောက်ရသဖြင့် နေ့ချင်းပြန်သွားလာမှုမပြုနိုင်ကြပါ။ ဘော်ဒါဆောင်စရိတ်မတတ်နိုင်ခြင်းကြောင့် ကျောင်းထုတ်ရသူ အများအပြားရှိပါသည်။ ပညာရေးရံပုံငွေရှိသော်လည်း ကျောင်းဆောင်သစ် ဆောက်လုပ်စဉ်ကကျေးရွာမှ ပံ့ပိုးရသဖြင့်ပြန်လည်စုဆောင်းနေဆဲဖြစ်သည်။ ကျောင်းနေအရွယ် မသန်စွမ်းကလေးရှိပြီးကျောင်းတက်နိုင်ပါသည်။ ကျောင်းတွင် အားကစား ကွင်းရှိ၍ ဘောကန်နိုင် ကြသော် လည်း အခြားအားကစားပစ္စည်းများလက်လှမ်းမမီကြပါ။ မိဘဆရာအသင်းသည်အသင့် အတင့် အားကောင်းပါ သည်။

(စ) ကျန်းမာရေး

ပုတ်သင်ကြီးကျေးရွာတွင် ရာသီတုပ်ကွေး၊သွေးတိုး၊ဆီးချိုမျှသာ ဖြစ်ပွားမှုများပြီး အခြား အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊လိင်မှတစ်ဆင့် ကူးစက်နိုင်သောရောဂါများ မရှိကြပါ။ အာဟာရ ချို့တဲ့သည်ဟု ယူဆရသည် ကလေး(၃) ဦးခန့်တွေ့ရပါသည်။စာသင် ကျောင်းများတွင် အာဟာရဆိုင်ရာအသိပညာပေးခြင်းများရှိသော်လည်း ကျေးရွာအတွင်းကျန်းမာရေးအသိပညာပေးမှု အားနည်းနေပါသေးသည်။

ကျန်းမာရေးဦးစီးဌာနမှ ပံ့ပိုးငွေ(၅၀)သိန်းကျပ်၊ ကျေးရွာလူထုမှ ထည့်ဝင်ငွေ (၅၀) သိန်းကျပ် တို့ဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦးအား ဆောက်လုပ် ထားပါသည်။ တာဝန်ကျ ဝန်ထမ်းမှာ သားဖွားဆရာမတစ်ဦးသာရှိပြီး ပုံမှန်ကာကွယ်ဆေးထိုးနှံနိုင်မှုရှိသော်လည်း သင်တန်းတက် ရောက်ခြင်း၊ အစည်းအဝေးတက်ရောက် ခြင်းဖြင့် ကျေးရွာတွင်း ကျန်းမာရေး ဝန်ဆောင်မှုပေးသည့် အချိန်နည်းပါးကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် ကျန်းမာရေးကိစ္စ ရပ်များအတွက် ကျေးရွာနှင့် (၇)မိုင်ကွာဝေးသော တာပွန်မြို့ တိုက်နယ် ဆေးရုံသို့ကုသကြရသဖြင့် ကုန်ကျစရိတ်ပိုမိုများပြားသည်။ တိုက်နယ်ဆေးရုံသည် ပြုပြင်တည်ဆောက် လျက်ရှိပြီး အခန်း၊ကုတင်လုံလောက်မှု အားနည်းပါသည်။ နတ်တလင်းမြို့နယ်ဆေးရုံနှင့် (၁၄) မိုင်ဝေးကွာပြီး အရေးပေါ်ကျန်းမာရေးအတွက် ကားငှား၍ သွားရောက်ကုသကြသည်. ဆေးဝါးများကို တာပွန်၊ နတ္တလင်းတို့တွင်သာ ဝယ်ယူနိုင်ကြသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင်(၂)နှစ်တစ်ကြိမ် ဧရာဝတီမြစ်ရေကျော်၍ ရေကြီးခြင်းများဖြစ်ပေါ်လျက် ရှိသောကြောင့်လယ်ယာမြေပျက်ဆီးမှုများကိုထိခိုက်မှုမြင့်မားခြင်း၊မုန်တိုင်းများတစ်ခါတစ်ရံ ဖြစ်ပွားပြီး အိမ်ငယ်များ ပြိုလဲခြင်း ၊မီးဘေးအန္တရာယ်လည်းတစ်ခါတစ်ရံကျရောက်မှုရှိခြင်းတို့ရင်ဆိုင်ရသော်လည်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ အသိပညာနှင့်အစီအစဉ်များ မရှိသေးပါ။

ကျေးရွာ၏ မြေဆီမြေဩာ အခြေအနေမှာ မြေဩာများ စနစ်တကျသုံးစွဲမှု အားနည်းသဖြင့် အထွက်နှုန်း လျော့လာသည်ကို သတိပြုမိပါသည်။ အပင်မျိုးစိတ်များမှာ တန်ဖိုးထားမှုမရှိဘဲ နှစ်စဉ် ပေါင်းမြက်များရှင်းလင်းရာတွင်ရောပါကုန်သဖြင့်အပင်မျိုးစိတ်များအလွန်ရှားပါးသွားပြီ ဖြစ်သည်။ ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု အားနည်းပြီး အိမ်သုံးပစ္စည်းများကို စနစ်တကျ စွန့်ပစ်မှု အားနည်းသဖြင့် ယင်းတို့မှသက်တမ်းကြာရှည်ခံ(ဆွေးမြေ့လွယ်မှုမရှိသည့်ပစ္စည်းများ)လယ်ယာထဲတွင်

ရောက်ကုန်သဖြင့် အပင်များ အမြစ်မဖောက်နိုင်ဘဲ လုပ်ကိုင်စားသောက် ၍မရသောမြေများ ဖြစ်လာနိုင်ပါသည်။

(၉) ကျား – မ ရေးရာ

ပုတ်သင်ကြီး ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးသားများ နည်းတူ အမျိုးသမီးများကလည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်နေ ကြောင်းတွေ့ရှိရပါသည်။ စီမံအုပ်ချုပ်မှု ပိုင်းတွင်မူ ခေါင်းဆောင်အနေဖြင့် ပါဝင်မှုမရှိသော်လည်း လိုအပ်သော ပံ့ပိုးမှု များကို တက်ကြွစွာ လုပ်ဆောင်ပေးပါသည်။ဥပမာ-လမ်းခင်းလျှင် မြေသယ်ခြင်း၊စားစရာနှင့် ရေသယ်ယူပေး ခြင်းစသည် ဖြင့်။ လူမှုရေး၊ဘာသာရေးကိစ္စရပ်များတွင် အမျိုးသမီး များ၏ ပါဝင်မှုအားကောင်းပါသည်။ အမျိုးသမီးများအား သံသယဖြစ်ဖွယ်အကြမ်း ဖက်မှုများ မရှိကြပါ။ အမျိုးသမီး ရေးရာအဖွဲ့မှ အမျိုးသမီးအခွင့်အရေးဆိုင်ရာများ ဆွေးနွေးမှုရှိသဖြင့် အသိအမြင် အနည်းငယ် ရှိကြပါသည်။ အမျိုးသားအမျိုးသမီးလုပ်အားခမှာ ကျွမ်းကျင်မှုနှင့်လုပ်အားစိုက်ထုတ်မှုအပေါ်တွင် မူတည်၍အနည်း ငယ်ကွာဟမှုရှိပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ရွာချင်းဆက်လမ်းအားလမ်းသားမြှင့်တင်ခြင်းနှင့်မြေနီခင်းခြင်း(အလျား ၅၀၀၀ ပေ* အနံ ၁၈ ပေ* ထု ၆လက်မ)၊ ရိုးဖြတ်ကွန်ကရစ်တံတားတည်ဆောက်ခြင်း(အလျား ၉၀ ပေ*အနံ ၁၈ ပေ *အမြင့် ၅ ပေ)	၁
၂	လျှပ်စစ်	လျှပ်စစ်မီးရရှိနိုင်ရေးစီမံချက်	၂
၃	ပညာရေး	ဆရာ/မ လုံလောက်စွာတာဝန်ချထားပေးခြင်း	၃
၄	ပညာရေး	ကျောင်းဆောင်(၁၂၀ပေ*၃၀ပေ*၁၂ပေ) ကျောင်းအိမ်သာ(၂)ခန်းတွဲ (၂)လုံး၊	၃
၅	ကျန်းမာရေး	ကျန်းမာရေးဝန်ထမ်းလုံလောက်စွာတာဝန်ချထားပေးရန်၊	၄
၆	ကျန်းမာရေး	ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပခြင်း၊	၄
၇	စိုက်ပျိုးရေး	စျေးကွက်ဆိုင်ရာအသိပညာပေးသင်တန်း၊ မြေအမျိုးအစားနှင့်ကိုက်ညီမည့်စျေးကွက်ဝင်သီးနှံများစိုက်ပျိုးနည်း(လက်တွေ့ပြသ)၊နိုင်ငံတော်မှ ကြမ်းခင်းစျေးသတ်မှတ်ခြင်း၊ဝယ်ခြင်း (ကုန်စည်ဒိုင်များဖွင့် လှစ်လာနိုင်ခြင်း)	၅
၈	စိုက်ပျိုးရေး	စိုက်ပျိုးရေးနည်းပညာသင်တန်းပေးခြင်း	၅
၉	စိုက်ပျိုးရေး	မျိုးသန့်ကျေးရွာတွင်း/အုပ်စုတွင်းထုတ်နိုင်ရန်၊ မြေဩဇာ၊ပိုးသတ်ဆေးစျေးသက်သာစွာဝယ်ယူသုံးစွဲနိုင်ရန်ဆောင်ရွက်ခြင်း၊	၅
၁၀	ငွေကြေး	နှစ်ရှည်စိုက်ပျိုးရေးချေးငွေထုတ်ချေးခြင်း၊	၅
၁၁	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	မွေးမြူရေးနည်းပညာသင်တန်းများပေးခြင်း	၆

၁၂	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	ကြမ်းခင်းဧရိယာသတ်မှတ်ခြင်း၊ဧရိယာကွက်တည်ငြိမ်စေရန် ထိန်းချုပ်ပေးခြင်း	၆.၁
၁၃	ငွေကြေး	မွေးမြူရေးလုပ်ကိုင်နိုင်ရန် အနည်းဆုံး(၆)လဆပ် နိုင်မည့် ချေးငွေ	၆.၂
၁၄	ပညာရေး	အသက်မွေးဝမ်းကြောင်းသင်တန်းများပေးခြင်း(စက်ချုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်၊လက်သမား၊ပန်းရံ)	၇
၁၅	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်းများ ဆိုင်ရာ	အသေးစား၊အလတ်စား ထုတ်ကုန်ဆိုင်ရာ သင်တန်းများပေးခြင်း၊	၇.၁
၁၆	အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲေး	ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှု၊စာရင်းကိုင်သင်တန်း၊အစည်းအဝေးကျင်းပနည်း၊စသည့်အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း များပေးခြင်း၊	၈

နောက်ဆက်တွဲ (၁)

ပုတ်သင်ကြီးကျေးရွာ၊ရေမွေးကျေးရွာအုပ်စု ကျေးရွာဖွံ့ဖြိုးရေးမဟာဗျူဟာ တည်ဆောက်မှု ဇယားပြပုံ

စဉ်	ပြဿနာ	အကြောင်းအရာ	အခွင့်အလမ်း	အဟန့်အတား	ဖြေရှင်းမည့်နည်းလမ်း	အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ
ကဏ္ဍ-လမ်းပမ်းဆက်သွယ်ရေး						
၁။	•စခန်းသာတဲတန်း-ပုတ်သင်ကြီးကျေးရွာ ရွာချင်းဆက်လမ်းမှာမိုးတွင်းကာလတွင် သွားလာရခက်ခဲခြင်း၊ •ရိုးဖြတ်တံတား ခိုင်ခံမှုအားနည်းခြင်း၊	• မြေသားအောက်ခံမှာမြေဗျော့ဖြစ်၍ နှစ်စဉ်ဧရာဝတီမြစ်ရေတိုက်စားခံရခြင်း၊ • ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော မြေသားလမ်းဖြစ်ခြင်း၊ မြေနီအနည်းငယ်သာခင်းနိုင်ခြင်းနှင့်လမ်းအရည်အသွေးအားနည်းခြင်း၊ • ရိုးဖြတ်ကူးတံတားမှာသစ်သားတံတားဖြစ်၍ ၂၀၀၆ခုနှစ်ကပင် ကိုယ်ထူကိုယ်ထဆောက်လုပ်ထားခြင်း • လမ်း၊ဂုံးတံတားပြုပြင်ရန်ကျေးရွာလူထုမှဌွေကြေးထည့်အသင့်အတင့်ထည့်ဝင်နိုင်သော်လည်း အလုံးစုံ	• ကျေးရွာမှလုပ်အားဖြင့်ရိုးမြောင်းတူးဖော်ခြင်း၊အပင်လှဲ၍ လမ်းခဲ့ထွင်ခြင်းများအားလုပ်ဆောင်နိုင်ခြင်း၊ • ကျေးရွာလူထုမှ ငွေကြေးအင်အားဖြင့် ပါဝင်နိုင်ခြင်း၊ • ကျေးလက်ဦးစီးဌာန၊ကျေးလက်လမ်းဦးစီးဌာနများသို့တင်ပြ ချိတ်ဆက်အကူအညီတောင်းခံထားခြင်း၊	• မြို့နယ်ဦးစီးဌာန၏ လျာထားချက်၊ရံပုံငွေရရှိမှုများအပေါ်တွင် မူတည်ခြင်း၊ • ကျေးရွာမှ ပုဂ္ဂလိကအလှူရှင်များမှငွေကြေးထည့်ဝင်နိုင်သော်လည်း အလုံးစုံပြီးမြောက်ရန် မတတ်နိုင်ခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကျေးရွာအုပ်ချုပ်ရေးမှူး၊ရပ်မိရပ်ဖများနှင့်ဆွေးနွေးပြီးကျေးလက်ဦးစီးဌာန၊ကျေးလက်လမ်းဦးစီးဌာနများသို့တင်ပြတောင်းခံခြင်း၊ • ကျေးရွာလူထုမှ လုပ်အား၊ငွေအား စုစည်းခြင်း၊	၁။လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်လာစေရေးစီမံချက်။ ရွာချင်းဆက်လမ်းအားလမ်းသားမြှင့်တင်ခြင်းနှင့်မြေနီခင်းခြင်း(အလျား ၅၀၀၀ ပေ* အနံ ၁၈ ပေ* ထု ၆လက်မ)၊ ရိုးဖြတ်ကွန်ကရစ်တံတားတည်ဆောက်ခြင်း(အလျား ၉၀ ပေ*အနံ ၁၈ ပေ*အမြင့် ၅ ပေ) • ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးစီးဦးဆောင်၍ -ကျေးရွာလူထု အစည်းအဝေးကျင်းပခြင်းနှင့် ငွေအား၊လူအား သတ်မှတ်လျာထားခြင်း၊ - ပုဂ္ဂလိကအလှူရှင်များ ထံမှ အလှူငွေကောက်ခံ ခြင်း၊ -လိုအပ်သော ပမာဏ ကိုသာသက်ဆိုင်ရာဦး စီးဌာနသို့

		ပြီးမြောက်ရန် မတတ်နိုင်ခြင်း၊				ချိတ်ဆက်တင်ပြဆောင်ရွက်ခြင်း၊ -ပြုပြင်ထိန်းသိမ်းရေးစနစ်နှင့် ငွေကြေးအစီအမံများထားရှိခြင်း၊
ကဏ္ဍ-မီးလင်းရေး						
၂။	•လျှပ်စစ်မီးမရရှိခြင်း၊	• ကျေးရွာနှင့် အနီးဆုံး (၃)မိုင်အကွာရှိ ရေကြည်ကျေးရွာထိ သာလျှပ်စစ်မီး ရရှိခြင်း၊ • နိုင်ငံလုံးဆိုင်ရာ မီးလင်းရေးလျာထားချက်တွင်ပါဝင်မှုမရှိသေးခြင်း၊	• ကျေးရွာလူထုမှ လျှပ်စစ်မီးရရှိရန် စိတ်အားထက်သန်ခြင်း၊ငွေကြေးထည့်ဝင်နိုင်ကြခြင်း၊	• လျှပ်စစ်ဦးစီးဌာန၏ လျာထားချက်တွင်ပါဝင်မှုမရှိသေးခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ ချိတ်ဆက်တင်ပြခြင်း၊ -ကျေးရွာမှငွေကြေးထည့်ဝင်နိုင်မည့် အစီအစဉ်ရေးဆွဲခြင်း၊ -ကျေးလက်ဦးစီးဌာန၊လျှပ်စစ်ဦးစီးဌာန။ လွတ်တော်ကိုယ်စားလှယ်၊	၂။လျှပ်စစ်မီးရရှိရေး၊ • ကျေးရွာအိမ်ထောင်စုများမှငွေကြေးထည့်ဝင်နိုင်မည့် အစီအစဉ်ရေးဆွဲခြင်း၊ • ဦးစီးဌာန၊လွှတ်တော်ကိုယ်စားလှယ်များသို့ ချိတ်ဆက်တင်ပြခြင်း၊
ကဏ္ဍ-ပညာရေး						
၃။	• ကျောင်းသားများ ပညာသင်ယူရန် အခက်အခဲရှိခြင်းနှင့်ဘေးကင်းလုံခြုံမှု နည်းပါးခြင်း၊ (ကျောင်းဆောင်၊ကျောင်းအိမ်သာ၊ဆရာ/မ) • ဘွဲ့ရ၊ပညာတတ်နည်း	• ၂၀၁၆ ခုနှစ်တွင်မှ အလယ်တန်းကျောင်းအဆင့်သို့တိုးမြှင့်ထားခြင်း၊ • ကျောင်းဆောင်(၁)ဆောင်မှာအမိုးယိုခြင်း၊ အောက်ခြေတမံ	•ပညာရေးဦးစီးဌာနသို့ စာသင်ဆောင်၊အိမ်သာ၊ဆရာ/မအခက်အခဲတို့အားတင်ပြတောင်းခံထားခြင်း၊ • ရပ်မိရပ်ဖအဖွဲ့၊	• မြို့နယ်ဦးစီးဌာန၏ စီမံချက်လျာထားမှု၊ ရံပုံငွေရရှိမှုအပေါ်တွင်မူတည်ခြင်း၊	• ကျေးရွာရပ်မိရပ်ဖများ၊ မိဘဆရာအသင်း၊ကျောင်းအကျိုးတော်ဆောင်အဖွဲ့များပူးပေါင်း၍ -ပညာရေးဦးစီးဌာနသို့ အဆိုပြုလွှာထပ်မံတင်ပြခြင်း၊	၃။ကလေးငယ်များ အေးချမ်းစွာပညာသင်ယူနိုင်ရေးနှင့် ပညာတတ်များပိုမိုပေါ်ထွန်းလာစေရေး စီမံချက်။ • ကျောင်းဆောင်အားပြုပြင်ခြင်း၊ • ဆရာ/မ တာဝန်ချထား

	ပါးခြင်း၊	တလင်းများကွဲအက်နေခြင်း၊ • ကျောင်းအိမ်သာမလုံလောက်ခြင်း(၂)ခန်းသာကောင်း၍ သစ်သားအိမ်သာ(၃)လုံးမှာခိုင်ခံ့မှုအားနည်းခြင်း၊ • ဆရာ/မ မလုံလောက်ခြင်း၊ • အထက်တန်းအဆင့် ပညာသင်ယူနိုင်ရန် အနည်းဆုံး(၇)မိုင်ခန့်အကွာသို့ ဘော်ဒါနေ၍သာ ကျောင်းတက်နိုင်ခြင်း/ကုန်ကျစရိတ်များသဖြင့် ကျောင်းမထားနိုင်ခြင်း၊	ကျောင်းကော်မတီ၊မိဘဆရာအသင်းပူးပေါင်းညှိနှိုင်း၍ အစီအစဉ်ရေးဆွဲကြခြင်း၊ • ကျေးရွာမှ အထက်တန်းအောင်မြင်ပြီးသူ(၃)ဦးမှ ကူညီသင်ပြပေးနေခြင်း၊ • ပညာရေးရုံပုံငွေရှိပြီး ယင်းငွေကြေးအားကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ထည့်ဝင်လိုက်ရခြင်း၊		-အလှူရှင်၊စေတနာရှင်များရှာဖွေ၍ကျောင်းအိမ်သာ၊ကျောင်းဆောင်ပြုပြင်နိုင်ရန်ဆောင်ရွက်ခြင်း၊ • ရေရှည်ပြုပြင်ထိန်းသိမ်း နိုင်ရန်နှင့် ဝင်ငွေနည်းမိသားစုများမှ ကလေးငယ်များကျောင်းဆက်ထားနိုင်ရန်ပညာရေးရုံပုံငွေ အင်အားတောင့်တင်းရန် ဆောင်ရွက်ခြင်း(အလှူရှင်များရှာဖွေခြင်း၊လစဉ်စုဆောင်းခြင်းနှင့် တိုးပွားလာစေရန် နည်းလမ်းရှာခြင်း)	ပေးခြင်း၊ • ကျောင်းအိမ်သာ(၂)ခန်းတွဲ(၂)လုံး • ပညာရေး ရုံပုံငွေ အင်အားတောင့်တင်းလာစေရန် ဆောင်ရွက်ခြင်း၊
ကဏ္ဍ-ကျန်းမာရေး						
၄။	• ကျန်းမာရေးဝန်ထမ်းမှ ကျန်းမာရေးစောင့်ရှောက်မှုအားနည်း ခြင်း၊ • ငွေကုန်ကြေးကျ များခြင်း၊	• ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသော်လည်း သားဖွားဆရာမတစ်ဦးသာတာဝန်ချထားပေးခြင်း/ဝန်ထမ်းမလုံလောက်ခြင်း၊ • တာဝန်ကျဆရာ	• ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဦးစီးဌာနနှင့်ကျေးရွာလူထုမှ ငွေကြေးထည့်ဝင်မှုဖြင့် ဆောက်လုပ်ထားသည့် အဆောက်အဦးကောင်	• ကျေးရွာရှိတာဝန်ရှိသူများမှကျေးလက်ကျန်းမာရေး ဦးစီးဌာနသို့ တင်ပြဆွေးနွေးမှုအား နည်းခြင်း၊	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှကျန်းမာရေးဦးစီးဌာန၊ကျေးလက်ဦးစီးဌာနသို့ကျန်းမာရေးဝန်ထောင်မှုကောင်းမွန်လာစေရန်တင်ပြတောင်းဆိုခြင်း၊ • ကျန်းမာရေးဝန်ထမ်းလုံလောက်စွာတာဝန်ချ	၄။ကျန်းမာရေး ဝန်ဆောင်မှုကောင်းမွန်တိုးတက်လာစေရေးစီမံချက်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှဦးဆောင်၍ကျန်းမာရေးဦးစီးဌာန၊မြို့နယ်တာဝန်ရှိသူများအားကျန်းမာရေးဝန်ဆောင်မှု ကောင်းမွန်လာစေရန်

		မှာကျေးရွာတွင်းကျန်းမာရေးစောင့်ရှောက်မှုဆောင်းချိန်နည်းပါးခြင်း(အစည်းအဝေး၊သင်တန်းစသည်ဖြင့်) • ကျန်းမာရေးဝန်ဆောင်မှုရရှိနိုင်ရန် အနီးဆုံး(၇)မိုင်အကွာ ရှိတာပွန်တိုက်နယ်ဆေးရုံသို့သွားရောက်ကုသရခြင်း၊ • ကျန်းမာရေးအသိပညာပေးမှုနည်းပါးခြင်း(၁ နှစ်တွင် ၁ကြိမ်ခန့်သာပေး)	်းမွန်ခြင်း(ဝန်ထမ်းများကောင်းစွာနေနိုင်ခြင်း)		ထားပေးခြင်း၊ • ကျန်းမာရေး အသိပညာပေးခြင်း၊	တင်ပြတောင်းခံခြင်း၊ -ဝန်ထမ်း၏ အချိန်ပြည့် စောင့်ရှောက်မှုနှင့် ဝန်ထမ်းလုံလောက်မှု၊ -ကျန်းမာရေး အသိပညာပေးခြင်း
ကဏ္ဍ-စိုက်ပျိုးရေး						
၄။	• စိုက်ပျိုးသီးနှံများမှ အကျိုးအမြတ်ရရှိမှုနည်းပါးခြင်း/အထွက်နှုန်းနည်းပါးခြင်း(စပါး၊ မတ်ပဲ)	• မိုးရေဖြင့်သာစိုက်ပျိုးနိုင်ခြင်း • မတ်ပဲဈေးကွက်တည်ငြိမ်မှုမရှိခြင်း၊မြေအမျိုးအစားနှင့်ကိုက်ညီသည့် အခြားဈေးကွက်ဝင်သီးနှံများပြောင်းလဲစိုက်ပျိုးရန် နည်းပညာမသိရှိခြင်း၊	• စိုက်ပျိုးရေးကုမ္ပဏီများမှနည်းပညာလာရောက်ပေးခြင်း(ဆေး၊မြေဩဇာရောင်းချရန်သာ အဓိကဆွေးနွေးခြင်းဖြစ်ပြီး ထိရောက်သောတိုးတက်ပြောင်းလဲမှုမရှိသဖြင့် တောင်သူ	• ဈေးကွက်ဆိုင်ရာအသိပညာဗဟုသုတ၊သတင်းအချက်အလက်လက်လှမ်းမီမှုအားနည်းခြင်း၊ • မျိုးကောင်းမျိုးသန့် ကျေးရွာ/အုပ်စုတွင်းထုတ်နိုင်ရန် နည်းပညာ၊ငွေကြေးအရင်းအနှီး	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ သီးနှံအထွက်နှုန်းတိုးတက်လာစေရန်စိုက်ပျိုးရေးဦးစီးဌာန၊မြန်မာလယ်ယာစိုက်ပျိုးရေးဘဏ်၊လွတ်တော်ကိုယ်စားလှယ်များထံသို့အောက်ပါတို့ ပံ့ပိုးမှုများ ရရှိရန်	၄။စိုက်ပျိုးသီးနှံများ(စပါး)အထွက်နှုန်းတိုးတက်၍ ဈေးကောင်းရရှိနိုင်စေရေး။ • စိတ်ဝင်စားသူ တောင်သူအစုအဖွဲ့ဖွဲ့စည်းခြင်း၊ • ဈေးကွက်ဆိုင်ရာအသိပညာပေးသင်တန်း၊ • မြေအမျိုးအစားနှင့်ကိုက်ညီမည့်ဈေးကွက်ဝင်သီးနှံများ

		• လက်တွေ့ထိရောက်ေ ောနည်းပညာမရရှိခြင်း၊ • စိုက်ပျိုးရေးချေးငွေက ာလတိုတောင်းခြင်း၊ • မျိုးကောင်းမျိုးသန့်၊ မြေဩာ၊ ဝယ်ယူရန် ဈေးနှုန်းမြင့်မားသဖြင့် ထိရောက်စွာအသုံး မပြုနိုင်ခြင်း၊	များမှ ယုံကြည်မှု အားနည်းခြင်း၊ • စိုက်ပျိုးရေးဦးစီးဌာ နတွင်မျိုးကောင်း မျိုးသန့်ဝယ်ယူနိုင်ခြင်း ၊	လိုအပ်ခြင်း၊ • တောင်သူမှစိုက်ပျိုး ရေးနည်းပညာများအ ပေါ်စိတ်ပါဝင်စားမှုအား နည်းခြင်း(ကုန်ကျစရိတ်များ ၍အထွက်နှုန်း ကွာဟမှုမရှိခြင်းကြောင့် လိုက်နာနိုင်မှုအားနည်း ခြင်း၊)	ဆောင်ရွက်ခြင်း၊ - ဈေးကွက်ဆိုင်ရာ အသိပညာပေးခြင်း၊ စိုက်ပျိုးမြေနှင့်ကိုက် ညီမည့်ဈေးကွက်ဝင်သီးနှံ များစိုက်ပျိုးလာနိုင်စေ ရန်ပံ့ပိုးကူညီခြင်း၊ -ဈေးကွက်တည်ငြိမ်လာ စေရန်ကြမ်းခင်းဈေးသတ် မှတ်ပေးခြင်းနှင့် ဈေးနှုန်းတိုးမြှင့်ပေးခြင်း၊ -နည်းပညာများလက် တွေ့ပြသသင်ကြားပေး ခြင်း၊ -နှစ်ရှည်စိုက်ပျိုးရေး ချေးငွေရရှိရန် ပံ့ပိုးပေး ခြင်း၊ -မျိုးကောင်းမျိုးသန့် ဈေးနှုန်းသက်သာစွာ သုံးစွဲနိုင်ရန်၊	စိုက်ပျိုးနည်း(လက်တွေ့ပြသ) • နိုင်ငံတော်မှ ကြမ်းခင်း ဈေးသတ်မှတ်ခြင်း၊ဝယ်ခြင်း (ကုန်စည်ဒိုင်များ ဖွင့် လှစ်လာနိုင်ခြင်း) • စိုက်ပျိုးရေးနည်းပညာသင် တန်း • နှစ်ရှည်စိုက်ပျိုးရေးချေး ငွေ(အနည်းဆုံး(၃)နှစ်ဆပ်) • မျိုးသန့်ကျေးရွာတွင်း/အုပ် စုတွင်းထုတ်နိုင်ရန်၊မြေ ဩာ၊ပိုးသတ်ဆေးဈေးနှုန်း သက်သာစွာဖြင့် ရောင်း ချခြင်း၊
ကဏ္ဍ-မွေးမြူရေး						
၅။	•ကြက်၊ဝက်တိုးချဲ့မွေး မြူနိုင်မှုမရှိခြင်း၊သေဆုံးမှု များခြင်း၊ •ဈေးကွက်တည်ငြိမ်မှုမရ ရှိခြင်း၊(ကြက်၊ဝက်)	•မွေးမြူရေးအသိပညာ အားနည်းခြင်း) •အသိပညာပေး အစီအစဉ်/အဖွဲ့အစည်း များ မရှိခြင်း၊	•မြို့နယ်မွေးမြူရေးဦး စီးဌာနှင့်ချိတ်ဆက်၍နှ စ်စဉ်ကာကွယ်ဆေးထို ုးနှံနိုင်ခြင်း၊ •တိရစ္ဆာန်သောက်	•မွေးမြူရေး အသိပညာ ပေးအစီအစဉ်များ မရှိ သဖြင့် စနစ်တကျ မွေးမြူမှု မရှိခြင်း၊ •နိုင်ငံတော်အဆင့်မှ	•ကျေးရွာဖွံ့ဖြိုးရေး ကော်မ တီမှ ဦးဆောင်၍ စီးပွား ဖြစ်မွေးမြူလာနိုင်စေရေး ၊တိရစ္ဆာန်သေးဆုံးမှု	၅။မွေးမြူရေးလုပ်ငန်းမှ ဝင် ငွေတိုးတက်လာစေရေး။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ မှ ဦးဆောင်၍ •မွေးမြူသူ/စိတ်ပါဝင် စားသူ

		•ဂရုတစိုက် မွေးမြူမှု အားနည်း ခြင်း၊ •ရေတိုဝင်ငွေရလုပ်ငန်း များလုပ်ကိုင်ရန်သာ အာရုံစိုက်ကြခြင်း၊ •ကုန်သည်များမှ ဈေး ကစားခြင်း၊ •နိုင်ငံတော်အနေဖြင့် ကြမ်းခင်းဈေးသတ်မှတ် ပေးနိုင်မှုမရှိခြင်း၊ •မွေးမြူရေးတိုးချဲ့လုပ် ကိုင်နိုင်ရန် သင့် လျော်သော ချေးငွေမ ရရှိခြင်း၊	သုံးရေလုံလောက်စွာ ရရှိခြင်း(ချောင်းရေ)၊ •ကျေးရွာတွင်းပင် ကုန်သည်များမှ လာရောက်ဝယ်ယူ ခြင်း(ဈေးနှုန်းသင့်တင့် စွာဖြင့်) •သမချေးငွေမှမွေး မြူရေးအတွက်တစ် ဦးလျှင်(၁၀၀၀၀၀) ကျပ်ထုတ်ချေးနိုင်ခြင်း ၊	ဈေးနှုန်းထိန်းညှိမှုများ အားနည်းခြင်း၊	လျော့ကျစေရေးအတွက် လုပ်ဆောင်ပေးခြင်း၊ -နည်းပညာ -ဈေးကွက် -ချေးငွေ	အစုအဖွဲ့ဖွဲ့စည်းခြင်း၊ •မွေးမြူရေး ဦးစီးဌာနှင့် ချိတ်ဆက်၍မွေးမြူရေးနည်း ပေးသင်တန်းများရရှိရန်လုပ်ေ ောင် ခြင်း၊ •မွေးမြူရေးဈေးနှုန်းများ တည်ငြိမ်မှုရှိစေရန် အဝယ် ဒိုင်များအား ကြမ်းခင်းဈေး သက်မှတ်နိုင်ရန် နိုင်ငံတော် မှ မူဝါဒချမှတ်ခြင်း၊ •အသေးစားချေးငွေ/ချေးငွေပ မာဏတိုးမြှင့်ထုတ်ချေးခြင်း၊
ကဏ္ဍ-စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ						
၆။	•သီးနှံစိုက်ပျိုးမှုတွင် ကျပန်းလုပ်ကိုင်ခြင်းမှ လွဲ၍ ဝင်ငွေရ အတည် တကျ အလုပ်အကိုင် အခွင့်အလမ်းနည်းပါး ခြင်း၊	• အသက်မွေးဝမ်းကျ ောင်းပညာကျွမ်းကျင်မှု အားနည်းခြင်း၊ • စွန့်စားတီထွင်လိုစိတ် ရှိသော်လည်းဆုံးရှုံးမ ည်ကို စိုးရိမ်သဖြင့် စွန့်ဦး တီထွင်မှုမရှိခြင်း၊ • ငွေအရင်းအနှီးလုံ လောက်စွာမရှိခြင်း၊ • အသေးစားအိမ်တွင်း ထုတ်လုပ်မှုလုပ်ကိုင်	• အလုပ်လုပ်ကိုင် လိုသူလူငယ်အများအ ပြားရှိခြင်း၊ • ဆိုင်ကယ်ပြင်၊ စက်ပြင်၊လက်သမား၊ပ န်းရံစသည်တို့ကျွမ်းကျ င်ပါကကျေးရွာတွင်းနှ င့်အနီးအနား မြို့များတွင်သွားရော က်လုပ်ကိုင်နိုင်ကြခြင်း ၊ • ရန်ကုန်အထည်	• အသက်မွေးဝမ်းကြောင်း ပညာများ သင်ယူရန် အချိန်မပေးနိုင်ခြင်း၊စား ဝတ်နေရေးအခက်အခဲ ကြောင့် ချက်ခြင်း ဝင် ငွေရရှိမည့်အလုပ်များကို သာ လုပ်ကိုင်နေရ ခြင်း • စက်ရုံ၊အလုပ်ရုံများ နှင့် အလှမ်းကွာဝေး ခြင်း၊ • ဈေးကွက်ဆိုင်ရာ အသိပညာဗဟုသုတ အားနည်းခြင်း၊	• သက်ဆိုင်ရာဦးစီးဌာန(သို့)အဖွဲ့အစည်းများမှ အသက်မွေးဝမ်းကြောင်းန ည်းပညာသင်တန်းများအ ားလုပ်အားခပေးစီမံကိန ်းအသွင်ဖြင့်ပေး ခြင်း(ဆိုင်ကယ်ပြင်၊စက်ပြ င်၊လက်သမား၊ပန်းရံ၊စက် ချုပ်) • စိတ်ပါဝင်စားသူများအ ား စွန့်စားတီထွင် လာလို စိတ်ရရှိရန်လက်	၆။ဝင်ငွေသင့်တင့်ကောင်းမွန် သောအလုပ်အကိုင်အခွင့်အလမ် းများ ဖွံ့ဖြိုးလာစေရေး။ • စိတ်ပါဝင်စားသော အစုအဖွဲ့ ဖွဲ့စည်းခြင်း၊ • လုပ်အားခပေးစီမံကိန်းဖြင့် အသက်မွေးဝမ်းကြောင်း သင်တန်းများပေးခြင်း(ဆိုင်က ယ်ပြင်၊စက်ပြင်၊လက်သမား၊ပ န်းရံ၊စက်ချုပ်) • စွန့်ဦးတီထွင်မှုသင်တန်း ပေးခြင်း၊

		ရန်နည်းပညာများ၊ ဗဟုသုတများမရှိခြင်း၊ • စပါး၊ပဲတို့ထွက်ရှိသော်လည်း စက်ရုံများဖွံ့ဖြိုးမှုအားနည်းခြင်း(သိုလှောင်နိုင်ခြင်းမရှိခြင်း၊အရည်အသွေးမီစက်များအသုံးမပြုနိုင်ခြင်းတို့ ကြောင့်ကုန်ကြမ်းအတိုင်းသာ ရောင်းချကြခြင်း)	ချုပ်စက်ရုံတွင် သွားရောက်လုပ်ကိုင်နိုင်ခြင်း၊		တွေ့ဆောင်ရွက်စေခြင်းဖြင့် အသိပညာပေး ခြင်း၊ • သင့်လျော်သော အသေးစားချေးငွေများ ထုတ်ချေးပေးခြင်း၊ • ဈေးကွက်ဆိုင်ရာ အသိပညာများ ဖြန့်ဝေပေးခြင်း၊ • စက်ရုံများဖွံ့ဖြိုးလာစေရန်အရင်းအနှီး၊နည်းပညာ၊စက်ကိရိယာပံ့ပိုးပေးခြင်း၊	• အသေးစားငွေချေးအဖွဲ့များမှလုပ်ငန်းနှင့်သင့်လျော်သောချေးငွေပမာဏကိုထုတ်ချေးခြင်း၊ • ဈေးကွက်ဆိုင်ရာ အမြင်ဖွင့်သင်တန်းပေးခြင်း၊ • ဆန်စက်များဖွံ့ဖြိုးလာစေရန် အရင်းအနှီး၊နည်းပညာ၊စက်ကိရိယာအကူအညီများပံ့ပိုးပေးခြင်း၊
ကဏ္ဍ-စီမံအုပ်ချုပ်မှုစနစ်						
၇။	•ကျေးရွာတွင်း ကိုယ်ထူကိုယ်ထဖွဲ့စည်းထားသောအဖွဲ့များတွင် စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်အားနည်းခြင်း၊	•အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာအသိပညာဗဟုသုတအားနည်းခြင်း၊ •လိုအပ်ချက်အရ ဖွဲ့စည်းခြင်းသာရှိပြီး ရေရှည်တည်တံ့သည့် အစီအစဉ်များထည့်သွင်းဖွဲ့စည်းထားမှုအားနည်းခြင်း၊	•ကျေးရွာဖွံ့ဖြိုးရေး၊လူမှုရေး ၊ဘာသာရေးလုပ်ငန်းများအတွက် စုပေါင်းလုပ်ကိုင်သည့်အလေ့ အကျင့်ရှိခြင်း၊ •စည်းလုံးညီညွတ်ကြခြင်း၊ •သတင်း၊မီဒီယာများမှ အဖွဲ့အစည်း	•အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု စနစ်ကောင်းမွန်လာစေရန် ပံ့ပိုးကူညီနိုင်မည့် အဖွဲ့အစည်း/ဦးစီးဌာနနည်းပါးခြင်း၊ •အသိပညာပေးဟောပြောပွဲ၊စာအုပ်၊စာပေဆိုင်များလက်လှမ်း မမီခြင်း၊	•ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများမှ ဦးဆောင်၍ အဖွဲ့အစည်းဆိုင်ရာ ဗဟုသု တရမည့် စာအုပ်စာပေများ စုဆောင်းခြင်း (ခေါင်းဆောင်မှူ၊လူထုအား စည်းရုံးမှု စွမ်းရည်၊အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရန်	၇။အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ခြင်း။ • ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ များမှဦးဆောင်၍ • အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် တိုးတက်စေရန် ဆွေးနွေးဟောပြောခြင်း၊ • ဗဟုသုတစာပေအုပ်၊စာပေများထားရှိခြင်း၊

			ဆိုင်ရာ စီမံအုပ်ချုပ်မှုကောင်းမွန်လာစေရန် ဗဟုသုတများရရှိနိုင်ခြင်း၊ •ကျေးလက်ဦးစီးဌာနမှ စာရင်းကိုင်သင်တန်းရရှိနိုင်ခြင်း၊		ပြင်ဆင်နည်း၊ အစည်းအဝေးမှတ်တမ်းရေးနည်း၊) •ကျေးရွာလူထုအစည်းအဝေးများတွင်အသိပညာပေးခြင်း၊ •ကျေးလက်ဦးစီးဌာနအားအကူအညီတောင်းခံ၍စာရင်းကိုင်သင်တန်းပေးခြင်း၊	• သင်တန်းပေးနိုင်သည့် အဖွဲ့အစည်းများ၊ဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ အကူအညီတောင်းခံခြင်း (ဥပမာ- ကျေးလက်ဦးစီးဌာန)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ (ပုတ်သင်ကြီးကျေးရွာ၊ရေမွေးကျေးရွာအုပ်စု)

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃	၃	၆
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၁၅	၂၇
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၈	၂၂	၄၀
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၀	၄၀	၇၀
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၈၃	၂၀၆	၃၈၉
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၂	၃၀	၆၂
စုစုပေါင်း		၂၇၈	၃၁၆	၅၉၄
စုစုပေါင်း အိမ်ထောင်စု				၁၅၄

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ပုတ်သင်ကြီး ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၁၅၄)စုရှိပါသည်။ စုစုပေါင်းလူဦးရေ(၅၉၄)ဦး နေထိုင်လျက်ရှိပြီး ကျား(၂၇၈)ဦးရှိပြီး ကျေးရွာရှိလူဦးရေ၏ (၄၆.၈၀)ရာခိုင်နှုန်းခန့်နှင့် မ(၃၁၆)ဦးရှိပြီး ကျေးရွာရှိလူဦးရေ ၏ (၅၃.၁၉)ရာခိုင်နှုန်းခန့်ရှိကြောင်း

သိရှိရပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၈၅)ဦးနှုန်းရှိသောကြောင့် လူဦးရေတိုးပွားနှုန်းမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သောတစ်အိမ်ထောင်(၅)ဦးနှုန်းထက်လျော့နည်းနေသည်ကိုတွေ့ရှိရပါသည်။အသက်(၁)နှစ်အောက်နို့စို့အရွယ်ကလေးငယ်အရေအတွက်မှာ တစ်ရွာလုံးအနေဖြင့် ကျား (၃)ဦး နှင့်မ(၃)ဦး သာလျှင်ရှိသည့်အတွက်ကျေးရွာရှိလူဦးရေနှင့်နှိုင်းယှဉ်လျှင်(၁.၀၁)ရာခိုင်နှုန်းသာရှိသည့်အတွက် ဖွေးဖွားနှုန်းကျဆင်းနေသည် ကိုတွေ့ရှိရပါသည်။အသက်(၁)နှစ်မှ (၅)နှစ်အောက် ရှိသည့်(၅)နှစ် အောက်ကလေးငယ်အရေအတွက်မှာ(၁၅)ဦးသာရှိသည့်အတွက်တစ်ရွာလုံးရှိလူဦးရေ၏ (၂.၅၂)ရာခိုင်နှုန်းသာရှိပါသည်။အသက်(၅)နှစ်မှ(၉)နှစ်ထိရှိသည့်မူလတန်းကျောင်းသားအရွယ်မှာ(၄၀)ဦးသာရှိသည့်အတွက် တစ်ရွာလုံးရှိလူဦးရေ၏ (၆.၇၃)ရာခိုင်နှုန်းရှိပါသည်။အသက်(၁၀)နှစ် မှ(၁၄)နှစ်အတွင်းရှိ သည့်အလယ်တန်း ကျောင်းသားအရွယ်ရှိသူအရေအတွက်မှာ(၇၀)ဦးရှိသည့်အတွက် တစ်ရွာလုံးရှိလူဦးရေ ၏ (၁၁.၇၈)ရာခိုင် နှုန်းရှိပါသည်။ အသက်(၁၅)နှစ်မှ (၆၄)နှစ်အတွင်းရှိသည့် အလုပ်လုပ်နိုင်သည့် လူဦးရေအရေ အတွက်မှာ(၃၈၉) ဦးရှိသည့်အတွက် ကျေးရွာရှိလူဦးရေ အရေအတွက်၏ (၆၅.၄၈) ရာခိုင်နှုန်းရှိသည့်အတွက် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လုပ်သား အင်အားအပြည့်အဝ ရှိသည့်အတွက် ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းများ ဖေါ်ဆောင် ပေးနိုင်မည် ဆိုပါကကျေးရွာနေပြည် သူများ၏လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ကျေးရွာတွင်(၆၅)နှစ်နှင့်အထက်ရှိသည့်သက်ကြီးရွယ်ကြီးအရေအတွက်မှာ(၆၂)ဦးရှိသည့်အတွက် ကျေးရွာရှိ လူဦးရေး၏ (၁၀.၄၃)ရာခိုင်နှုန်းရှိပါသည်။သို့ဖြစ်ပါ၍ အသက် ၁၅နှစ်အောက်နှင့် ၁၅ နှစ်အထက်အချိုးမှာ ဖြစ်ရိုးဖြစ်စဉ်ထက် ထက်သိသာစွာ ကွာခြား နေသည်ကို တွေ့ရသည်။ အထူးသဖြင့်၊ တစ်နှစ်အောက်ကလေး အရည်အတွက်နည်းလွန်းပြီး သက်ကြီးရွယ်အို ဦးရေများများနေပါသည်။ ဤအချိုးအစားသည် နှစ်သက်စရာဟု ထင်ရသော်လည်း၊ တစ်ချိန်ချိန်တွင်၊ အသက် အုပ်စုအလိုက် ဖွံ့ဖြိုးရေးဆိုင်ရာ ဖြစ်စဉ်များကိုသက်ရောက်နိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၀	၁၄၇	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၀	မြင့် ☑ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁၇	၁၇	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၂	၂	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၀	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၄	မြင့် ☐ လတ် ☑ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၆	၆	၀	မြင့် ☐ လတ် ☑ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့် ☐ လတ် ☑ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အဓိကလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅၄	၁၆၂	၃၄	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပုတ်သင်ကြီး ကျေးရွာတွင် နေ့စားလုပ်ငန်းအနေဖြင့်လယ်ယာလုပ်ငန်း ၊အင်းလုပ်ငန်းတို့တွင် နေ့စားလုပ်ကိုင်သူများပြားပါသည်။ ပြင်ပသို့သွားရောက်လုပ်ကိုင်သူများ လည်းရှိပြီး အထည်ချုပ်စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ လက်သမား၊ပန်းရံ လုပ်ငန်း ၊ဈေးနှင့် ဈေးဆိုင်များတွင် လုပ်သားလုပ်ကိုင်ခြင်းများ ရှိကြပြီးအများအားဖြင့် အများဆုံးလုပ်အားခမှာ (၇၀၀၀)ကျပ်အထိ ရရှိနိုင်ကြသည်။ ပညာတတ်မြောက်သူများမှာ ပညာရေးဝန်ထမ်း၊ ကျန်းမာရေးဝန်ထမ်း၊ရုံးစားရေးအဖြစ် ဝင်ရောက်လုပ်ကိုင်နေကြပါသည်။ အမျိုးသား၊အမျိုးသမီး လုပ်အားခ မှာကျွမ်းကျင်မှုနှင့်လုပ်အားစိုက်ထုတ်မှုအပေါ်မူတည်ပြီး လုပ်အားနှုန်းကွာဟ မှုအနည်း ငယ်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၃၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၆၀၀၀	၄၅၀၀	၅၀၀၀	၃၀၀၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၄၀၀၀	၅၀၀၀	၈၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၆၀၀၀	၄၀၀၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၇၀၀၀	၅၀၀၀	၇၀၀၀	၅၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးတွင် ဝင်ရောက်လုပ်ကိုင်သောနေ့စားအလုပ်သမား များမှာ အများစုဖြစ်ပြီး ငါးမွေးမြူရေးလုပ်ငန်း၊ပန်းရံ၊လက်သမားလုပ်ငန်း၊ဈေးနှင့် ဈေးဆိုင်၊ အထည်ချုပ်စက်ရုံ၊ များတွင် လုပ်ကိုင်လျက်ရှိသော နေ့စား အလုပ်သမားများရှိသည်။ ကျား-မလုပ်အားခမှာ လုပ်ငန်းကျွမ်း ကျင်မှု၊လုပ်အားစိုက်ထုတ်မှုအပေါ်တွင်မူတည်၍ ကွာဟမှုရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**		
လယ်မြေ	၅၅၆.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း / ကျွန်းမြေ	၁၂၀.၀၀	ကောင်း ☐	သင့် ☑	ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၆၇၆	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်မြေကို အဓိကအားကိုးအသုံးပြု၍ ကိုင်းလုပ်ငန်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ မြေဆီလွှာအရည်အသွေးများမှာ အသင့်အတင့်ရှိကြောင်းတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာ ရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခ က် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ပုတ်သင်ကြီးကျေးရွာတွင် သတ္တုနှင့်သဲ၊ကျောက် စသည့်သဘာဝအရင်းအမြစ်များထွက်ရှိခြင်းမရှိပါ။နွားစာအတွက် ကောက်ရိုး နှင့် မြက်များ အသင့်အတင့် ပေါက်ရောက်ပြီး သရက်၊မကျီး၊ကြောင်လျှာ၊မာလကာ ၊လောက်သေရွက်၊ဘုမ္မရာဇာ၊ဆင်တုံးမန္တယ် စသည့်ဆေးဘက်ဝင်အပင်အနည်းငယ်မျှတွေ့ရတတ်သည်။ချောင်းအတွင်းမှာ ငါးရံ့၊ငါးခူ၊ငါးကြင်းတို့ ကျေးရွာစားသုံးနိုင်ရုံရရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၉	၄၀	၈၅	၁၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

